## တရားခံ မဟုတ်ပါ

မိသားစုတစ်ခု၏ မိတ်ဆွေတစ်ယောက် ကွယ်လွန်သွားရာ ကျွန်တော်တို့၏မြေးမလေးက သူမ၏သားကိုခေါ်ပြီး ထိုအသုဘအိမ်သို့ သွားပါသည်။ ထိုအိမ်တွင် ခင်ပွန်းယောကျ်ား ကွယ်လွန်သွား၍ ပူဆွေးနေသော မုဆိုးမရှိလေ၏။ သူတို့သားအမိ ထိုအိမ်ရှေ့တံခါးဝသို့ရောက်လာချိန်တွင် သူမက သားငယ်နားနားကပ်၍ ပြောလိုက်သည်။

"သားက အရမ်းဝမ်းနည်းပြီး စိတ်မကောင်းဖြစ်တဲ့အကြောင်း အဲဒီအိမ်က အန်တီကြီးကို ကျိန်းသေပြောပြလိုက်နော်။ ထိုအခါ သားငယ်လေးက တိုးတိုးလေး ပြန်ပြောလိုက်သည်။ "ဘာဖြစ်လို့လဲ မမေ။ သားက သူ့ယောကျ်ားကို သတ်လိုက်တာမှ မဟုတ်ဘဲ" ဟူ၍။

□



## လိမ်ရမှာလား၊ ဝန်ခံရမှာလား

တရားသူကြီး ။ ။ မင်းလိမ်ပြောရင် ဘယ်ကိုသွားရမယ် သိတယ်မဟုတ်လား။

သူခိုး ။ ။ သိပါတယ်၊ ငရဲသွားရမှာပါ။

တရားသူကြီး ။ ။ အမှန်အတိုင်း ဝန်ခံလိုက်မယ်ဆိုရင်ကော ဘယ်သွားရမှာလဲ။

သူခိုး ။ ။ အကျဉ်းထောင်ပါ ခင်ဗျာ။

□